ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် (၂) ၊ နေပြည်တော်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များ ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်များအား လိုက်နာရန် ပျက်ကွက်ခြင်း၊ လိုင်စင်စည်းကမ်းချက်များအရ ပေးပို့တင်ပြရမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု သုံးလပတ်အစီရင်ခံစာ ပေးပို့တင်ပြမှုမရှိခြင်း၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေ အပိုဒ် ၂၄ (က) (၃) အရ ပေးဆောင်ရမည့် သက်ဆိုင်သောဝင်ငွေ၏ ရာခိုင်နှုန်းကိုအခြေခံသည့် နှစ်စဉ်ကြေးများအား ပေးဆောင်မှုမရှိခြင်းတို့အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၄၁ (၄) နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါ၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၃၉ (က) (၂) အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့** နောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ ပေးဆောင်ရမည့် သက်ဆိုင်ရာအခကြေးငွေများကို လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလအထိ ဖြေရှင်းတင်ပြလာခြင်းမရှိပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများအပိုဒ် ၄၁ (၄) နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်-

| စဉ် | ကုမ္ပဏီအမည် | လိုင်စင်အမျိုးအစား | လိုင်စင်ရရှိသည့်ရက် |
|---|---|---|---|
| (က) | Everlasting Rainbow Construction Co., Ltd | NFS(I) | ၃-၈-၂၀၁၈ |
| (ခ) | Myanmar Golden 11 Investment International Co., Ltd | NFS(C) နှင့် AS | ၃-၆-၂၀၁၅ နှင့် ၂၄-၁၂-၂၀၁၅ |
| (ဂ) | Tai Telecom Development (TTD) Co., Ltd | NFS(C) နှင့် AS | ၁၈-၅-၂၀၁၆ |
| (ဃ) | VNG Myanmar Co., Ltd | AS | ၂၄-၉-၂၀၁၉ |

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉ သို့ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။